ကရင်နီပြည် အတိုင်ပင်ခံကောင်စီ
Karenni State Consultative Council (KSCC)

## ကရင်နီပြည် ကြားကာလ

# ဒေသန္တရအုပ်ချုပ်ရေးဆိုင်ရာ
# မူဝါဒ

ကရင်နီပြည်အတိုင်ပင်ခံကောင်စီမှ ၂၀၂၅ ခုနှစ်၊ ဒီဇင်ဘာလ ( ၆ ) ရက် နေ့တွင်
အတည်ပြုပြဋ္ဌာန်းသည်။

ကရင်နီပြည်ကြားကာလ

# ဒေသန္တရအုပ်ချုပ်ရေးဆိုင်ရာမူဝါဒ

# မာတိကာ


**နိဒါန်း** ........ ၆

**အခန်း (၁) အမည်နှင့် အဓိပ္ပါယ်ဖွင့်ဆိုချက်** ........ ၇

အမည် ........ ၇

အဓိပ္ပါယ်ဖွင့်ဆိုချက် ........ ၇

**အခန်း (၂) ရည်ရွယ်ချက်နှင့်အခြေခံမူများ** ........ ၈

ရည်ရွယ်ချက် ........ ၈

အခြေခံမူများ ........ ၈

**အခန်း (၃) ကြားကာလဒေသန္တရ အုပ်ချုပ်ရေးဖွဲ့စည်းခြင်း နှင့် ဒေသန္တရအုပ်ချုပ်ရေး စီမံပိုင်ခွင့်အာဏာများ** ........ ၁၁

ကြားကာလဒေသန္တရ အုပ်ချုပ်ရေးအဖွဲ့များဖွဲ့စည်းခြင်း ........ ၁၁

ဒေသန္တရအုပ်ချုပ်ရေး စီမံပိုင်ခွင့်အာဏာများ ........ ၁၂

ပြည်နယ်နှင့် ဒေသန္တရအကြား ဆက်နွယ်မှု ........ ၁၄

ပူးပေါင်းဆောင်ရွက်ခြင်း ........ ၁၄

စွမ်းဆောင်ရည်မြှင့်တင်ခြင်း ........ ၁၅

**အခန်း (၄) အခွန်အကောက်နှင့် ဘဏ္ဍာရေးဆိုင်ရာပြဋ္ဌာန်းချက်များ** ........ ၁၅

အခွန်အကောက်များ ........ ၁၅

ဘဏ္ဍာရေးဆိုင်ရာပြဋ္ဌာန်းချက်မျာ ........ ၁၅

**အခန်း (၅) အထွေထွေပြဋ္ဌာန်းချက်များ** ........ ၁၆

ကြားကာလအုပ်ချုပ်ခွင့် အာဏာခွဲဝေခြင်း ........ ၁၆

သာလွန်အာဏာသုံးစွဲမှုမှ ကာကွယ်ခြင်း ........ ၁၆

ဥပဒေ၊ နည်းဥပဒေပြဋ္ဌာန်းခြင်း ........ ၁၆

မူဝါဒအား ပြင်ဆင်ဖြည့်စွက်ခြင်း ........ ၁၇

**နိဂုံး** ........ ၁၉

# နိဒါန်း

သမိုင်းအဆက်ဆက် သီးခြားလွတ်လပ်ပြီး ကိုယ့်မင်းကိုယ့်ချင်းနှင့် စီမံအုပ်ချုပ်လာသော ကရင်နီပြည်သည် ဗြိတိသျှကိုလိုနီ၏ အသိအမှတ်ပြုခြင်းခံခဲ့ရသော်လည်း ၁၉၄၈ ခုနှစ်၊ မြန်မာပြည်လွတ်လပ်ရေးရပြီး ကရင်နီပြည်ကိုမြန်မာနိုင်ငံ၏ ပြည်နယ်တစ်ခုအဖြစ် ထည့်သွင်းခဲ့သည်။ လွတ်လပ်ရေးနှင့်အတူ ကရင်နီပြည်သူများသည် ပြည်နယ်၏ စီးပွားရေး၊ ကျန်းမာရေး၊ ပညာရေးနှင့် ဖွံ့ဖြိုးတိုးတက်မှုတို့၏ တန်းတူညီမျှမှုများကိုမခံစားခဲ့ရသည့်အပြင် အာဏာရှင်များ၏ ဥပဒေမဲ့ဖမ်းဆီးထောင်ချခြင်း၊ သတ်ဖြတ်ခြင်း၊ နေအိမ်များ မီးရှို့ဖျက်စီးခြင်းစသည့် အကြောက်တရားများဖြင့် ရှင်သန်ဖြတ်သန်းလာခဲ့ကြသည်။ ၂၀၁၁ ခုနှစ်၊ ဦးသိန်းစိန်အစိုးရလက်ထက်နောက်ပိုင်း အရပ်သားတပိုင်း ဒီမိုကရေစီစနစ်သစ်ဖြင့် အုပ်ချုပ်မှုစနစ်ကို ပြောင်းလဲအုပ်ချုပ်ခဲ့ပြီး ၂၀၁၆ ခုနှစ်၊ ဒေါ်အောင်ဆန်းစုကြည်ဦးဆောင်သော အစိုးရနှင့်အတူ တိုင်းပြည်၏ စီးပွားရေး၊ ပညာရေး၊ ကျန်းမာရေးနှင့်အတူ ပြည်သူများ၏ အခြေခံရပိုင်ခွင့်များ ပိုမိုဖန်တီးလာနိုင်ခဲ့သည်။ သို့သော် မင်းအောင်လှိုင် ဦးဆောင်သော အကြမ်းဖက်စစ်တပ်မှ တိုင်းပြည်၏အာဏာကို ၂၀၂၁ ခုနှစ်တွင် တကျော့ပြန် အာဏာသိမ်းခဲ့ပြီး အာဏာရှင်စနစ်ကို တဖန်ပြန်လည်အသက်သွင်းခဲ့သည်။

အာဏာရှင်စနစ်အမြစ်ပြတ်ချေမှုန်းရေး၊ ဗဟိုချုပ်ကိုင်မှုလျှော့ချရေးနှင့် ပြည်နယ်အားကောင်းရေးမှ ပြည်ထောင်စုအားကောင်းရေး ဖက်ဒရယ်စနစ်ထူထောင်နိုင်ရေး ရည်ရွယ်ချက်များဖြင့် ကရင်နီပြည်အတွင်းရှိ တော်လှန်ရေးအင်အားစုများ၊ လူငယ်၊ သပိတ်နှင့် အရပ်ဘက်အဖွဲ့အစည်းများနှင့် အမျိုးသမီးအင်အားစုများစုဖွဲ့ပြီး ကရင်နီပြည်အတိုင်ပင်ခံကောင်စီကို ၂၀၂၁ ခုနှစ်တွင် စတင်ဖွဲ့စည်းခဲ့သည်။ ကြားကာလ အစီအမံနှင့်အညီ ၂၀၂၃ ခုနှစ်တွင် ပြည်နယ်အတွက် လိုအပ်သော ဥပဒေပြုရေး၊ အုပ်ချုပ်ရေးနှင့် တရားစီရင်ရေး မဏ္ဍိုင်များကို စနစ်တကျဖွဲ့စည်းနိုင်ခဲ့သည်။ ထိုမဏ္ဍိုင်များ စနစ်တကျလည်ပတ်နိုင်ရေး၊ အပြန်အလှန် ထိန်းညှိနိုင်ရေးအတွက် လိုအပ်သောမူဝါဒများ၊ ဥပဒေများ၊ လုပ်ထုံးလုပ်နည်းများကိုလည်း ပြည်သူများအပါအဝင် သက်ဆိုင်ရာအစုအဖွဲ့များနှင့် ပူးပေါင်းပြီး ကရင်နီပြည်အတိုင်ပင်ခံကောင်စီမှ ဆက်လက်ရေးဆွဲလျက်ရှိသည်။

ဤမူဝါဒသည် ကရင်နီပြည်အတွင်းရှိ ပြည်သူများပါဝင်သော ဒေသန္တရအုပ်ချုပ်ရေးစနစ်နှင့် ဖွဲ့စည်းမှုစနစ်ပုံစံများ ပိုမိုကောင်းမွန်စွာဖော်ဆောင်နိုင်ရန်ရည်ရွယ်ပြီး ကရင်နီပြည်အတိုင်ပင်ခံကောင်စီမှ ကောင်စီဝင်များ၊ မဏ္ဍိုင် (၃) ရပ်မှ ကိုယ်စားပြုကိုယ်စားလှယ်များ၊ မူဝါဒဆိုင်ရာကျွမ်းကျင်ပညာရှင်များနှင့် ပူးပေါင်းလေ့လာကာ မူဝါဒမူကြမ်းကို စတင်ရေးဆွဲခဲ့သည်။ ထိုမူဝါဒမူကြမ်းကို သက်ဆိုင်ရာအစုအဖွဲ့များနှင့် လူထုထံသို့ ရှင်းလင်းချပြခြင်း၊ ဆွေးနွေးခြင်းနှင့် အကြံပြုချက်များရယူခြင်း စသည့်လုပ်ငန်းစဉ်များပြုလုပ်ကာ ကရင်နီပြည်အတိုင်ပင်ခံကောင်စီမှ ၂၀၂၅ ခုနှစ်၊ ဒီဇင်ဘာလ (၆) ရက်နေ့တွင် ကျင်းပပြုလုပ်သော (၃၄) ကြိမ်မြောက် ပုံမှန်အစည်းအဝေးတွင် အတည်ပြုပြဋ္ဌာန်းခဲ့သည်။

# အခန်း (၁)

# အမည် နှင့် အဓိပ္ပါယ်ဖွင့်ဆိုချက်

## အမည်

၁။ ဤမူဝါဒအား **ကရင်နီပြည် ကြားကာလဒေသန္တရ အုပ်ချုပ်ရေးဆိုင်ရာမူဝါဒ** ဟု ခေါ်ဆိုရမည်။

## အဓိပ္ပါယ်ဖွင့်ဆိုချက်

၂။ ဤမူဝါဒပါ စကားရပ်အနက်အဓိပ္ပါယ်သည် အောက်ဖော်ပြပါအတိုင်း ဖြစ်စေရမည်–

(က) **ပြည်နယ်** ဆိုသည်မှာ ကရင်နီပြည်ကို ဆိုသည်၊

(ခ) **ပြည်နယ်ကြားကာလအစီအမံ** ဆိုသည်မှာ ကရင်နီပြည်ကြားကာလအစီအမံကို ဆိုသည်၊

(ဂ) **ပြည်နယ်အုပ်ချုပ်ရေးကောင်စီ** ဆိုသည်မှာ ကရင်နီပြည်ကြားကာလအုပ်ချုပ်ရေးကောင်စီကို ဆိုသည်၊

(ဃ) **ပြည်နယ်လွှတ်တော်** ဆိုသည်မှာ ကရင်နီပြည်ကြားကာလလွှတ်တော်ကို ဆိုသည်၊

(င) **ဒေသန္တရအုပ်ချုပ်ရေးအဖွဲ့** ဆိုသည်မှာ မြို့နယ်ပြည်သူ့အုပ်ချုပ်ရေးကောင်စီကို ဆိုသည်၊

(စ) **ဒေသန္တရအုပ်ချုပ်ရေး** ဆိုသည်မှာ မြို့နယ်၊ ကျေးရွာအုပ်စု၊ ရပ်ကွက် သို့မဟုတ် ကျေးရွာ အဆင့်ဆင့်သို့ ရပ်ရွာဒေသများဆိုင်ရာ စီမံအုပ်ချုပ်ခြင်းနှင့် ကဏ္ဍအလိုက် ပြည်သူ့ဝန်ဆောင်မှုပေးခြင်းကို ဆိုသည်။

# အခန်း (၂)

# ရည်ရွယ်ချက် နှင့် အခြေခံမူများ

## ရည်ရွယ်ချက်

၃။ ဖက်ဒရယ်ပြည်ထောင်စုကို ပြည်နယ်အားကောင်းရေးမှ ပြည်ထောင်စုအားကောင်းရေးသို့ ချဉ်းကပ်မှုဖြင့် (Bottom-up Federalism Approach) လက်တွေ့တည်ဆောက်အကောင်အထည်ဖော်ဆောင်ရွက်နိုင်ရန် လုပ်ပိုင်ခွင့်ဆိုင်ရာ အာဏာများကို ပြည်သူလူထု၏ အာဏာနှင့် ပိုမိုနီးကပ်စွာထားရှိခြင်းအားဖြင့် ဒီမိုကရေစီအားကောင်းလာစေရန်နှင့် တာဝန်ယူမှု ပိုမိုရှိလာစေရန်ဖြစ်သည်။

၄။ လုပ်ပိုင်ခွင့်အာဏာခွဲဝေခြင်းသည် ပြည်နယ်နှင့် ဒေသန္တရများအကြား စည်းလုံးညီညွတ်မှု မထိခိုက်စေဘဲ ပိုမိုစည်းလုံးညီညွတ်မှုရှိစေရန် ရည်ရွယ်သည်။

၅။ ပြည်သူလူထုသည် ဤကြားကာလတွင် ဒေသန္တရအုပ်ချုပ်မှုမှတဆင့် ဖက်ဒရယ်ဒီမိုကရေစီကျင့်စဉ်များ၊ အလေ့အထများကို ပိုမိုရင်းနှီးကျွမ်းဝင်စေရန်နှင့် ဖက်ဒရယ်ဒီမိုကရေစီပြည်ထောင်စု တည်ဆောက်ရေးတွင် ပိုမိုအထောက်အကူပြုစေရန် ဖြစ်သည်။

၆။ ပြည်သူလူထုအတွက် ပိုမိုထိရောက်သော ပြည်သူ့ဝန်ဆောင်မှု၊ လုံခြုံရေး၊ တရားဥပဒေစိုးမိုးရေးနှင့် ဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းများဖော်ဆောင်ရာတွင် အထောက်အကူပြုစေရန်ဖြစ်သည်။

## အခြေခံမူများ

### လူထုအား တာဝန်ခံခြင်း

၇။ လုပ်ပိုင်ခွင့်အာဏာများကို ရယူသူများအားလုံးသည် လူထုအာဏာရယူကျင့်သုံးရန် ကတိကဝတ်များနှင့် လုပ်ဆောင်မှုရလဒ်အားလုံးကို လူထုများထံ တာဝန်ခံရမည်။


ကရင်နီပြည်အတိုင်ပင်ခံကောင်စီမှ ၂၀၂၅ ခုနှစ်၊ ဒီဇင်ဘာလ (၆) ရက်နေ့တွင် အတည်ပြု ပြဋ္ဌာန်းသည်။

## ပူးပေါင်းပါဝင်မှုနှင့် အားလုံးအကျုံးဝင်မှု

၈။ ကရင်နီပြည်တွင် ကြားကာလဒေသန္တရအုပ်ချုပ်ရေးအဖွဲ့များ ဖွဲ့စည်းရာတွင် ကရင်နီပြည် ကြားကာလအစီအမံကို အခြေခံရမည့်အပြင် ပြည်သူလူထုမှ ပူးပေါင်းပါဝင်နိုင်မှုနှင့် အားလုံးအကျုံးဝင်နိုင်မှုများကို အခြေခံ၍ ဖွဲ့စည်းရမည်။

## ကောင်းမွန်သော အစိုးရစံချိန်ရှိခြင်း

၉။ အုပ်ချုပ်ရေးအဆင့်ဆင့်သောဗျူရိုကရေစီသည် အရည်အသွေးပြည့်မီပြီး ကောင်းမွန်သော အစိုးရ အုပ်ချုပ်မှုစံချိန်များအတိုင်း ကျင့်သုံးရမည်။

၁၀။ ကြားကာလဒေသန္တရအုပ်ချုပ်ရေးအဖွဲ့များသည် ဒေသတွင်း စီမံအုပ်ချုပ်ရာတွင် ပွင့်လင်းမြင်သာမှု (Transparency)၊ ပြည်သူလူထုအပေါ် တုံ့ပြန်ဆောင်ရွက်ပေးနိုင်မှု (Responsiveness) နှင့် တာဝန်ယူတာဝန်ခံနိုင်မှု (Accountability) စသည့် စံတန်ဖိုးများနှင့်အညီ ဆောင်ရွက်ရမည်။

## တရားသေဝါဒကို အခြေမခံသော နိုင်ငံရေး

၁၁။ ဒေသန္တရအုပ်ချုပ်ရေးသည် ဘာသာရေး၊ လူမျိုးရေး၊ အသားအရောင်၊ ကျား၊ မ နှင့် လိင်စိတ်ကွဲပြားမှုစသည့် တစ်ခုတည်းဦးတည်သော တရားသေဝါဒအတွက် ရပ်တည်သည့် နိုင်ငံရေးမဖြစ်စေရ။

## လူ့အခွင့်အရေးကို လေးစားသည့် အုပ်ချုပ်ခြင်း

၁၂။ အာဏာကျင့်သုံးရာတွင်အခြေခံလူ့အခွင့်အရေးနှင့်နိုင်ငံသားများအားလုံး၏ အခွင့်အရေး များအားလုံးကို လေးစားလိုက်နာရမည်။

## လူထုရွေးကောက်ပွဲ တင်မြှောက်ခြင်း

၁၃။ အုပ်ချုပ်ရေးအာဏာအားလုံးသည် တရားမျှတပြီး ပုံမှန်ရွေးကောက်တင်မြှောက် ခံရသူမှတဆင့် စီးဆင်းသည်။

## စည်းလုံးညီညွတ်ရေးအလေးထားခြင်း

၁၄။ လုပ်ပိုင်ခွင့်အာဏာခွဲဝေခြင်းသည် ပြည်ထောင်စု၊ ပြည်နယ်နှင့် ဒေသန္တရအုပ်ချုပ်ရေး အဆင့်ဆင့်တွင် ပါဝင်နေသည့်အင်အားစုများအကြား စည်းလုံးညီညွတ်မှု မထိခိုက်စေဘဲ အပြန်အလှန်လေးစားမှုနှင့် အပြန်အလှန်ထိန်းညှိရင်း ပူးပေါင်းဆောင်ရွက်မှုများ ကျင့်သုံးရမည်။

## အချိန်၊ ငွေကုန်ကြေးကျမှုနှင့် အခြားအရင်းအမြစ်ကုန်ကျမှု ထိရောက်မှုရှိရေး

၁၅။ ကြားကာလတွင် အုပ်ချုပ်ရေးဆိုင်ရာ အရင်းအမြစ်များ ရှားပါးသဖြင့် လျင်မြန်ထိရောက်မှုများ (Pro-Activeness) ကို ဦးစားပေးရန်နှင့် ကြိုးနီစနစ် (Red Tape) ဖြစ်ခြင်း၊ အကျိုးမဲ့ဖြစ်ခြင်း (In-effectiveness) နှင့် ရေရှည်အကျိုးမချိတ်ဆက်ခြင်း (Unsustainability) ဆိုင်ရာများမဖြစ်စေရန် ထည့်သွင်းစဉ်းစားလုပ်ဆောင်ရမည်။

# အခန်း (၃)

# ကြားကာလ ဒေသန္တရ အုပ်ချုပ်ရေးဖွဲ့စည်းခြင်း နှင့် ဒေသန္တရအုပ်ချုပ်ရေး စီမံပိုင်ခွင့်အာဏာများ

## ကြားကာလ ဒေသန္တရ အုပ်ချုပ်ရေးအဖွဲ့များ ဖွဲ့စည်းခြင်း

၁၆။ ကရင်နီပြည် ကြားကာလအုပ်ချုပ်ရေးကောင်စီသည် –

(က)ကရင်နီပြည်ကြားကာလအစီအမံ၊ အပိုဒ် ၃၁ အရ ကရင်နီပြည်ကြားကာလ အုပ်ချုပ်ရေးဆိုင်ရာ နယ် (၄) နယ်ကို အခြေခံ၍ ခရိုင်များ၊မြို့နယ်များကို ဖွဲ့စည်းသတ်မှတ်ရာတွင် ကရင်နီပြည်ကြားကာလအစီအမံ၊ အပိုဒ် ၄၄ ပါ ပြဋ္ဌာန်းချက်နှင့်အညီ တိုင်းရင်းသားတော်လှန်ရေးအဖွဲ့အစည်းများ၏နဂိုမူလ တည်ဆောက်ပြီးသည့် အုပ်ချုပ်ရေးနှင့် ပူးပေါင်းညှိနှိုင်းဆောင်ရွက်၍ လိုအပ် သလို ပြင်ဆင်ဖွဲ့စည်းနိုင်သည်၊

(ခ) အထက်အပိုဒ်ပါ ဒေသန္တရအုပ်ချုပ်ရေးအဖွဲ့များဖွဲ့စည်းရာတွင် –

(၁) ယင်းဒေသအတွင်းရှိ လူထုမှရွေးချယ်သည့် ပြည်နယ် အနေခြေပြု တိုင်းရင်းသား တော်လှန်ရေးအဖွဲ့အစည်းများ၏ ကိုယ်စားလှယ်များနှင့် ယင်းဒေသအတွင်းရှိ ပြည်သူလူထုမှ အဆင့်ဆင့်ရွေးချယ်တင်မြှောက်သည့် ကိုယ်စားလှယ်များ နှင့် ပူးပေါင်းအုပ်ချုပ်သည့်စနစ်၊

(၂) ယင်းဒေသအတွင်းရှိ ပြည်သူလူထုမှ အဆင့်ဆင့်ရွေးချယ်တင်မြှောက်သည့် ကိုယ်စားလှယ်များဖြင့်သာပူးပေါင်းအုပ်ချုပ်သည့်စနစ်ကိုကျင့်သုံးနိုင်သည်၊

(ဂ) အပိုဒ်ခွဲ (ခ) ပါ ဒေသန္တရအုပ်ချုပ်ရေးအဖွဲ့ ပေါ်ပေါက်လာစေရန် လိုအပ်သည့် လုပ်ငန်းလမ်းညွှန်များချမှတ်၍ ရွေးချယ်တင်မြှောက်ခြင်းများဖြင့် ဆောင်ရွက် ဖွဲ့စည်းရမည်၊

(ဃ)ယင်းသို့ရွေးချယ်တင်မြှောက်ရာတွင် လူငယ်၏ပါဝင်မှုအခန်းကဏ္ဍ ထည့်သွင်း ရမည့်အပြင် အမျိုးသမီးပါဝင်မှုအား အကောင်အထည်ဖော်ဆောင်ရွက်နိုင် သည့် အစီအမံများထားရှိရမည်။

# ဒေသန္တရအုပ်ချုပ်ရေး စီမံပိုင်ခွင့်အာဏာများ

၁၇။ (က) ဒေသန္တရအုပ်ချုပ်ရေးသည် သက်ဆိုင်ရာမူဝါဒများ၊ ဥပဒေများနှင့်အညီ ဒေသအတွင်းရှိ အောက်ပါအကြောင်းအရာများကို စီမံပိုင်ခွင့်ရှိသည် –

(၁) တရားဥပဒေစိုးမိုးရေးနှင့် ပြည်သူ့လုံခြုံရေး၊

(၂) စည်ပင်သာယာရေး၊

(၃) ယစ်မျိုးဆိုင်ရာလုပ်ငန်းများ၊

(၄) အသေးစားစီးပွားရေးလုပ်ငန်းများ၊

(၅) အများပြည်သူပိုင်ပစ္စည်းနှင့် အများပြည်သူပိုင်နေရာသတ်မှတ်ခြင်း၊

(၆) လမ်းပန်းဆက်သွယ်ရေးနှင့် လမ်းတံတားဆောက်လုပ်ရေး၊

(၇) ယဉ်ကျေးမှုဓလေ့ထုံးတမ်းများ ထိန်းသိမ်းကာကွယ်စောင့်ရှောက်ခြင်း၊

(၈) မီးဘေးကာကွယ်ရေးလုပ်ငန်းများ၊

(၉) ပွဲလမ်းသဘင်များ၊ အားကစားနှင့် အနားယူအပန်းဖြေခြင်း၊

(၁၀) ပွဲရုံများ၊

(၁၁) လူမှုကူညီကယ်ဆယ်ရေး၊

(၁၂) စီမံကိန်းရေးဆွဲခြင်းနှင့် ရသုံးမှန်းခြေရေးဆွဲခြင်း၊

(၁၃) အခြေခံအချက်အလက်များ စုဆောင်းခြင်းနှင့် စီမံခန့်ခွဲခြင်း။

(ခ) ဒေသန္တရအုပ်ချုပ်ရေးသည် ပြည်နယ်မှချမှတ်သည့် သက်ဆိုင်ရာမူဝါဒများ ဥပဒေများနှင့်အညီ ပြည်နယ်အုပ်ချုပ်ရေးကောင်စီ၏ လမ်းညွှန်မှုဖြင့် မိမိဒေသတွင်းရှိ အောက်ပါ အကြောင်းအရာများကို စီမံပိုင်ခွင့်ရှိသည် –

(၁) သင်ရိုးညွှန်းတမ်းမှအပ ကျန်ရှိသည့်အခြေခံပညာရေးဆိုင်ရာကိစ္စရပ်များ၊

(၂) ကျေးလက်ကျန်းမာရေး ကိစ္စရပ်များ၊

(၃) အခြေခံအဆောက်အဦးများ ဆောက်လုပ်ခြင်း၊

(၄) သဘာဝဘေးအန္တရာယ်နှင့် ပဋိပက္ခဆိုင်ရာ အရေးပေါ်အခြေအနေများ တုံ့ပြန်ဆောင်ရွက်ခြင်းနှင့် ကယ်ဆယ်ခြင်း၊

(၅) သားရဲတိရစ္ဆာန်နှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းကာကွယ်ရေး၊

(၆) လူသားဖွံ့ဖြိုးမှုဆိုင်ရာလုပ်ငန်းစဉ်များ အကောင်အထည်ဖော် ဆောင်ရွက်ခြင်း၊

(၇) မြေယာစီမံခန့်ခွဲခြင်း၊

(၈) လူဝင်မှုကြီးကြပ်ခြင်း၊

(၉) ယာဉ်စည်းကမ်းနှင့် လမ်းစည်းကမ်းများ ထိန်းသိမ်းခြင်း၊

(၁၀) ဒေသဆိုင်ရာအစားအစာ အုပ်ချုပ်စီမံမှုနှင့် ဒေသမျိုးရင်းများ စောင့်ရှောက်ခြင်း၊

(၁၁) မြို့နယ်အဆင့်ဌာနဆိုင်ရာများ ဖွဲ့စည်းခြင်း၊

(၁၂) ဝန်ထမ်းများခန့်အပ်ခြင်းနှင့် စီမံကြီးကြပ်ခြင်း။

၁၈။ ဒေသန္တရအုပ်ချုပ်ရေးအဖွဲ့သည် –

(က) အပိုဒ် ၁၇ (က) ပါ အကြောင်းအရာများကို စီမံကြီးကြပ်ပိုင်ခွင့်ရှိသည့်အပြင် အပိုဒ် ၁၇ (ခ) ပါ အကြောင်းအရာများကို ပြည်နယ်အုပ်ချုပ်ရေးကောင်စီ၏ လမ်းညွှန်မှုနှင့်အညီ စီမံကြီးကြပ်ပိုင်ခွင့်ရှိသည်၊

(ခ) အပိုဒ် ၁၇ (ခ) ပါ အကြောင်းအရာများ စီမံဆောင်ရွက်ရန်လိုအပ်ပါက ပြည်နယ်အုပ်ချုပ်ရေးကောင်စီထံတင်ပြညှိနှိုင်း၍ ယင်း၏လမ်းညွှန်ချက်နှင့်အညီ စီမံဆောင်ရွက်နိုင်သည်၊

(ဂ) သက်ဆိုင်ရာမူဝါဒများ၊ ဥပဒေများနှင့်အညီ အပိုဒ် ၁၇ (က) ပါ အကြောင်းအရာအလိုက် လိုင်စင်များချမှတ်ခြင်း၊ ရပ်သိမ်းခြင်းနှင့် အခွန်အကောက်များကောက်ခံခြင်းပြုနိုင်သည်၊

(ဃ) ဘဏ္ဍာငွေများကို ပြည်နယ်ဘဏ္ဍာရေးဆိုင်ရာမူဝါဒနှင့်အညီ ရှာဖွေခြင်း၊ စီမံထိန်းသိမ်းခြင်းနှင့် သုံးစွဲခြင်းများ ဆောင်ရွက်ပိုင်ခွင့်ရှိသည်၊

(င) မူဝါဒများ၊ ဥပဒေများ၊ လုပ်ထုံးလုပ်နည်းများနှင့်အညီ အပိုဒ် ၁၇ (က) ပါ အကြောင်းအရာများဆောင်ရွက်နိုင်ရန် ဒေသတွင်းအာဏာသက်ရောက်သည့် စည်းမျဉ်းစည်းကမ်းများ၊ အမိန့်၊ အမိန့်ညွှန်ကြားချက်များနှင့် အရေးပေါ်ညွှန်ကြားချက်များ ချမှတ်ထုတ်ပြန်ပိုင်ခွင့်ရှိသည်၊

(စ) မြို့နယ်အုပ်ချုပ်ရေးရုံးများဖွဲ့စည်းခြင်း နှင့် စီမံကြီးကြပ်ခြင်း ဆောင်ရွက်နိုင်သည်၊

(ဆ) ဒေသအခြေပြု အငြင်းပွားမှုဖြေရှင်းခြင်းနှင့် ဒေသတွင်း လုံခြုံရေးဆိုင်ရာအစီအမံများကို သက်ဆိုင်ရာတရားရုံးများ၏ တရားစီရင်ပိုင်ခွင့်အာဏာကို မကျော်လွန်စေဘဲ ဖြေရှင်းဆောင်ရွက်နိုင်သည်၊

(ဇ) ပြည်နယ်ကြားကာလအုပ်ချုပ်ရေးကောင်စီ၏ သဘောထားမှတ်ချက်ဖြင့် ကျေးရွာအုပ်စု၊ ရပ်ကွက် သို့မဟုတ် ကျေးရွာအား အပိုဒ် ၁၇ (က)၊ (ခ) ပါ လုပ်ပိုင်ခွင့်အာဏာများကို အပ်နှင်းနိုင်သည်။

# ပြည်နယ်နှင့် ဒေသန္တရအကြား ဆက်နွယ်မှု

၁၉။ မြို့နယ်တစ်ခုနှင့်တစ်ခုအကြား ဖြစ်ပွားသည့်အငြင်းပွားမှုများဖြစ်စေ၊ မြို့နယ်များ တဆက်တစပ်တည်းတည်ရှိသည့် အကြောင်းအရာများဖြစ်စေ ပြည်နယ်၏ ဆုံးဖြတ်ချက် အတိုင်းဖြစ်စေရမည်။

၂၀။ ဒေသန္တရအုပ်ချုပ်ရေးအဖွဲ့သည် –

(က) ပြည်နယ်အုပ်ချုပ်ရေးကောင်စီက တစ်ပြည်နယ်လုံးအတိုင်းအတာဖြစ်စေ၊ တစ်စိတ်တစ်ဒေသဖြစ်စေ ဆောင်ရွက်ရန် ညွှန်ကြားပါက လိုက်နာဆောင်ရွက်ရန် တာဝန်ရှိသည်၊

(ခ) ဤမူဝါဒအရ မိမိဆောင်ရွက်မည့် ကိစ္စရပ်များအနက် ကိစ္စတစ်ရပ်ရပ်ကို အကောင်အထည်ဖော်ဆောင်ရွက်ရန် ခက်ခဲပါက လိုအပ်သည့်လမ်းညွှန်မှုများ၊ ပံ့ပိုးမှုများကို ရယူနိုင်ရန် ပြည်နယ်အုပ်ချုပ်ရေးကောင်စီထံ တင်ပြတောင်းခံနိုင်သည်။

# ပူးပေါင်းဆောင်ရွက်ခြင်း

၂၁။ ဒေသန္တရအုပ်ချုပ်ရေးအဖွဲ့သည် ဒေသတွင်းလူထုဝန်ဆောင်မှုများ စီမံဆောင်ရွက်ရာတွင် ဒေသအတွင်းရှိ ပြည်သူလူထု၏ပူးပေါင်းပါဝင်မှုကို အလေးထားဆောင်ရွက်ခြင်း၊ သက်ဆိုင်ရာ အစုအဖွဲ့များနှင့် ပူးပေါင်းလုပ်ဆောင်ခြင်း စသည်များကို အထူးဂရုပြု ဆောင်ရွက်ရမည်။

၂၂။ ဒေသန္တရအုပ်ချုပ်ရေးအဖွဲ့သည် လုပ်ပိုင်ခွင့်အာဏာနှင့် စီမံအုပ်ချုပ်မှုဆိုင်ရာလုပ်ငန်းဆောင်ရွက်မှုများတွင် အတိအကျဖော်ညွှန်းပြဋ္ဌာန်းထားခြင်းမရှိသော ကိစ္စများအတွက် ပူးပေါင်းဖြေရှင်းနိုင်သော နည်းလမ်းများ၊ ယန္တရားများကို အလေးထားဖော်ဆောင်ထားရမည်။

## စွမ်းဆောင်ရည်မြှင့်တင်ခြင်း

၂၃။ ကရင်နီပြည်ကြားကာလအုပ်ချုပ်ရေးကောင်စီသည် စီမံအုပ်ချုပ်ရေးဆိုင်ရာ လိုအပ်သော စွမ်းရည်မြှင့်သင်တန်းများ၊ ဗဟုသုတများနှင့် လေ့လာရေးအစီအစဉ်များကို သက်ဆိုင်ရာဒေသန္တရအုပ်ချုပ်ရေးတွင် ပါဝင်နေသောပုဂ္ဂိုလ်များအတွက် ဖော်ဆောင်ပေးရမည်။

# အခန်း (၄)

# အခွန်အကောက် နှင့် ဘဏ္ဍာရေးဆိုင်ရာပြဋ္ဌာန်းချက်များ

## အခွန်အကောက်

၂၄။ ဒေသန္တရအုပ်ချုပ်ရေးအဖွဲ့သည် အပိုဒ် ၁၈ (ခ) ပါ လုပ်ပိုင်ခွင့်အရ ဒေသတွင်း အခွန်အကောက်များကို ကောက်ခံရာတွင် ကရင်နီပြည်အခွန်အကောက်ဆိုင်ရာ မူဝါဒနှင့်အညီ ကောက်ခံရမည်။

## ဘဏ္ဍာရေးဆိုင်ရာပြဋ္ဌာန်းချက်များ

၂၅။ ပြည်နယ်အုပ်ချုပ်ရေးကောင်စီသည် ဒေသန္တရအုပ်ချုပ်ရေးအတွက် သာတူညီမျှသော ဘဏ္ဍာငွေ (Budget) ခွဲဝေမှုစနစ်ထားရှိရမည်။

၂၆။ ဒေသန္တရအုပ်ချုပ်ရေးအဖွဲ့သည် အပိုဒ် ၂၄ အရ ကောက်ခံရရှိသည့် အခွန်အကောက်ဘဏ္ဍာငွေများနှင့် ပြည်နယ်အုပ်ချုပ်ရေးကောင်စီက ခွဲဝေသည့် ဒေသန္တရဆိုင်ရာဘဏ္ဍာငွေများကို ကရင်နီပြည်ကြားကာလဘဏ္ဍာရေးဆိုင်ရာမူဝါဒနှင့်အညီ ထိန်းသိမ်းခြင်း၊ သုံးစွဲခြင်းများနှင့် စာရင်းစစ်ခြင်းပြုရမည်။

၂၇။ ဒေသန္တရအုပ်ချုပ်ရေးအဖွဲ့သည် ဒေသတွင်း နှစ်စဉ်ရသုံးမှန်းခြေငွေစာရင်းများကို ပြုစု၍ ကရင်နီပြည်ကြားကာလဘဏ္ဍာရေးဆိုင်ရာမူဝါဒနှင့်အညီ ပြည်နယ် အုပ်ချုပ်ရေးကောင်စီမှတဆင့် ပြည်နယ်လွှတ်တော်သို့ တင်သွင်းရမည်။

## အခန်း (၅)

## အထွေထွေပြဋ္ဌာန်းချက်များ

### ကြားကာလအုပ်ချုပ်ခွင့် အာဏာခွဲဝေခြင်း

၂၈။ ဤမူဝါဒအရချမှတ်ထားသည့် ဒေသန္တရအုပ်ချုပ်ရေး စီမံကြီးကြပ်ပိုင်ခွင့်အာဏာနှင့် လုပ်ငန်းလမ်းညွှန်တွင် ထုတ်ပြန်ထားသည့် အာဏာခွဲဝေခြင်းတို့သည် ကြားကာလ အတွင်း ယာယီအတွက်သာဖြစ်သည်။

### သာလွန်အာဏာသုံးစွဲမှုမှ ကာကွယ်ခြင်း

၂၉။ ဒေသန္တရအုပ်ချုပ်ရေးမှ သာလွန်အာဏာအလွဲသုံးစားမှုကို ကာကွယ်နိုင်ရန် ၎င်းဒေသ အတွင်းရှိ ပြည်သူများ၏ တင်ပြတောင်းဆိုမှုအပေါ် မူတည်ပြီး ကရင်နီပြည်ကြားကာလ အုပ်ချုပ်ရေးကောင်စီမှ ဖြေရှင်းပေးနိုင်သည့် ယန္တရားများ ဖော်ဆောင်ထားရှိရမည်။

### ဥပဒေ၊ နည်းဥပဒေပြဋ္ဌာန်းခြင်း

၃၀။(က) ကရင်နီပြည်ကြားကာလလွှတ်တော်သည် ဤမူဝါဒအားအခြေခံပြီး လိုအပ်သော ဥပဒေများကို ရေးဆွဲပြဋ္ဌာန်းရမည်၊

(ခ) ကရင်နီပြည်ကြားကာလအုပ်ချုပ်ရေးကောင်စီသည် ယင်းဥပဒေများအပေါ် အခြေခံ၍ လိုအပ်သည့်နည်းဥပဒေများ ထုတ်ပြန်ရမည်။

၃၁။ ကရင်နီပြည်ကြားကာလအုပ်ချုပ်ရေးကောင်စီသည် ဤမူဝါဒအား ကျင့်သုံးအကောင် အထည်ဖော်ဆောင်ရွက်နိုင်ရန် ဥပဒေ၊ နည်းဥပဒေများ ပြဋ္ဌာန်းထုတ်ပြန်နိုင်ခြင်း မပြုနိုင်မီကာလတွင် ဤမူဝါဒနှင့်အညီ ဒေသန္တရအုပ်ချုပ်ရေးဆိုင်ရာ လုပ်ထုံး လုပ်နည်းများ၊ အမိန့်၊ အမိန့်ညွှန်ကြားချက်များ ချမှတ်ထုတ်ပြန်၍ အကောင်အထည်ဖော် ဆောင်ရွက်နိုင်သည်။

## မူဝါဒအား ပြင်ဆင်ဖြည့်စွက်ခြင်း

၃၂။ ကရင်နီပြည်အတိုင်ပင်ခံကောင်စီသည် ပြောင်းလဲတိုးတက်လာသော အခြေအနေနှင့်အညီ ဤမူဝါဒအား ပြင်ဆင်ဖြည့်စွက်ခြင်းလုပ်ငန်းစဉ်များကို သက်ဆိုင်ရာအစုအဖွဲ့များ ပါဝင်မှုဖြင့် ဆောင်ရွက်ရမည်။

## နိဂုံး

ကြားကာလ သို့မဟုတ် အသွင်ကူးပြောင်းရေးကာလအတွက် ကရင်နီပြည်၏ ဒေသန္တရအုပ်ချုပ်ရေးတွင် ပြည်သူလူထု၏ပါဝင်ခြင်းသည် ဖက်ဒရယ်ဒီမိုကရေစီစနစ်ကို အားကောင်းစေသည် သာမက တာဝန်ယူမှု၊ တာဝန်ခံမှုရှိသော အစိုးရတစ်ရပ်ကို ဖန်တီးပေးနိုင်မည်ဖြစ်ပြီး စုံလင်ကွဲပြားသော လူမျိုးစုများအကြား အပြန်အလှန်ထိတွေ့ဆက်ဆံခြင်း၊ ပူးပေါင်းဆောင်ရွက်ခြင်းများကို တိုးပွားစေပြီး ရေရှည်တွင် ငြိမ်းချမ်းရေးနှင့် တည်ငြိမ်မှုကို ခိုင်မာစေနိုင်မည်ဖြစ်သည်။

**ဒေသန္တရအုပ်ချုပ်ရေးဆိုင်ရာမူဝါဒ မူကြမ်းရေးဆွဲရေးအလုပ်အဖွဲ့**
**မူဝါဒမူကြမ်းရေးဆွဲရေးကော်မတီ**
**ကရင်နီပြည်အတိုင်ပင်ခံကောင်စီ**